# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနရှိ အောက်ဖော်ပြပါ အခန်း(၁)ခန်း၊ မြေကွက်(၁)ကွက်၊ သိုလှောင်ရုံ( ၅ )လုံးနှင့် ရေဆင်းတံတားတို့အား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (၅)နှစ်သက်တမ်း၊ (၁)နှစ်တစ်ကြိမ် စာချုပ် စနစ်၊ ငှားရမ်းမှုတန်ဖိုး၏ (၁)လစာအား စပေါ်ငွေအဖြစ်ထားရှိ၍ ငှားရမ်းခနှင့် ကုန်သွယ်လုပ်ငန်းခွန်(၅%)တို့အား (၁၂)လစာကြိုတင်ပေးသွင်းခြင်းစနစ်ဖြင့် နှစ်စဉ်ငှားရမ်းခကို ၅% တိုးမြှင့်၍ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူမည် ဖြစ်ကြောင်း ကြေငြာအပ်ပါသည်-

(က) Lot(1) ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၂၇၄/၂၇၆)ရှိ အခန်း(၁)ခန်း။

Lot(2) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ P3ဝင်းအတွင်းရှိ ဘုန်းကြီးကျောင်းနှင့် ဂိုဒေါင်အကြားရှိ (၃၆'x၄၀') မြေကွက် (၁)ကွက်။

Lot(3) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ P3 ဝင်းအတွင်းရှိ သိုလှောင်ရုံအမှတ်(၅၀)၊ သိုလှောင်ရုံ(၁)လုံး။

Lot(4) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင် လမ်း၊ P3 ဝင်းအတွင်းရှိ ရေဆင်းတံတား(၁)ခု။

Lot(5) ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အမှတ်( ၂၄၀ ) ဝင်း၊ သိုလှောင်ရုံအမှတ်( ၁၊ ၂၊ ၃၊ ၄ ) သိုလှောင်ရုံ( ၄ )လုံး။

( ခ ) တင်ဒါပုံစံရောင်းချမည့်နေ့ရက် - ( ၁၉ -၉-၂၀၁၉ မှ ၁၆-၁၀-၂၀၁၉ ထိ)
( ရုံးချိန်အတွင်း )

( ဂ ) တင်ဒါပိတ်မည့် နေ့ရက်/အချိန် - ၁၆-၁၀-၂၀၁၉ ရက်နေ့၊ (၁၅:၀၀) နာရီ

(ဃ) တင်ဒါပုံစံရောင်းချမည့်နေရာ – စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး
ဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန၊
ရုံးအမှတ်(၃)၊ နေပြည်တော်

( င ) တင်ဒါစည်းကမ်းချက် – ၁၇–၁၀–၂၀၁၉ ရက်နေ့၊ (၁၂:၀၀) နာရီ
ရှင်းလင်းမည့်နေ့ရက်/အချိန်

( စ ) တင်ဒါတင်သွင်းဖွင့်ဖောက်မည့် – ၁၇–၁၀–၂၀၁၉ ရက်နေ့၊ (၁၃:၀၀)နာရီ
နေ့ရက်/အချိန်/နေရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး
ဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၂။ တင်ဒါဖွင့်ဖောက်မည့်နေ့တွင် တင်ဒါတင်သွင်းသူကိုယ်တိုင် ဝန်ကြီးဌာန၊ တင်ဒါကော်မတီ၏ရှေ့မှောက်တွင် အဆိုပြုလွှာအား တင်ဒါပုံးတွင် ထည့်သွင်းယှဉ်ပြိုင်ရမည် ဖြစ်ပါသည်။

၃။ ကုန်သွယ်ရေးဦးစီးဌာနမှ ငှားရမ်းမည့် အခန်း/ မြေကွက်/ သိုလှောင်ရုံနှင့် ရေဆင်းတံတားများ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းအမှတ်(၀၆၇–၄၀၈၄၃၁၀) သို့ ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးအဖွဲ့**